## Nativity of the Lord **(Mass During the Day)**

**1st READING:** ***Isaiah 52:7-10***

ဟေရှာယအနာဂတ္တိကျမ်း ၅၂း ၇–၁၀

ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာ သိတင်းကို ကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာ သိတင်းကို ကြားပြောသောသူ၊ သင်၏ဘုရားသခင် စိုးစံတော်မူ၏ဟု ဇိအုန်မြို့အား ပြောသော သူ၏ ခြေတို့သည် တောင်ပေါ်မှာ အလွန်တင့်တယ်လှစွာတကား။ သင်၏ ကင်းစောင့်တို့၏ အသံကို နားထောင်ကြလော့။ သူတို့သည် အသံကို လွှင့်၍၊ ရွှင်လန်းသောအသံနှင့် တညီတညွတ်တည်း ကြွေးကြော်ကြ၏။ အကြောင်းမူကား၊ ထာဝရဘုရားသည် ဇိအုန်မြို့သို့ ပြန်လာတော်မူကြောင်းကို ကိုယ်တိုင်မြင်ရကြ၏။ ယေရုရှလင်မြို့၌ ပြိုပျက်ရာအရပ်တို့၊ တညီတညွတ်တည်း သီချင်းဆိုသံနှင့် ကြွေးကြော်ကြလော့။ ထာဝရဘုရားသည် မိမိလူတို့ကို နှစ်သိမ့်စေတော်မူပြီ၊ယေရုရှလင်မြို့ကိုရွေးနုတ်တော်မူပြီ။ ထာဝရဘုရားသည် ခပ်သိမ်းသော လူအမျိုးမျိုးတို့ရှေ့မှာ၊ သန့်ရှင်းသော လက်ရုံးတော်ကို ဖွင့်ပြတော်မူသဖြင့်၊ မြေကြီးစွန်းရှိသမျှ တို့သည် ငါ့တို့ဘုရားသခင်၏ ကယ်တင်တော် မူခြင်း ကျေးဇူးကို သိမြင်ကြလတံ့။

## Responsorial Psalm  Psalms  98:1, 2-3, 3-4, 5-6

ဆာလံကျမ်း     ၉၈း ၁၊ ၂–၃၊ ၃–၄၊ ၅–၆

၁။ ထာဝရဘုရားအား သီချင်းသစ်ကို သီဆိုကြလော့။ အကြောင်းမူကား ကိုယ်တော်သည် အံ့ဖွယ်ရာများကို ပြုတော်မူပြီ။ ကိုယ်တော်၏လကျာ်လက်တော်နှင့်သန့် ရှင်းသောလက်ရုံးတော်သည်ကိုယ်တော်အတွက်ကယ် တင်ခြင်းအမှုတော်ကို ဆောင်ရွက်လေပြီ။

၂–၃။ ထာဝရဘုရားသည် မိမိ၏ ကယ်တင်တော်မူခြင်းကို ထင်ရှားစေ၍ မိမိ၏ဖြောင့်မတ်မှန်ကန်ခြင်းကိုလူမျိုး တကာတို့အာ ဖော်ပြတော်မူ၏။ အစ္စရေးလ်အမျိုးသားတို့အပေါ်မိမိ၏မေတ္တာတော်နှင့် သစ္စာတော်တို့ကို အောက်မေ့တော်မူ၏ ။

၃–၄။ မြေကြီးစွန်းအပေါင်းတို့သည်လည်းငါတို့ဘုရားသခင်၏ကယ်တင်တော်မူခြင်းကိုမြင်ရကြပြီ။မြေကြီးသားအပေါင်း တို့ထာဝရဘုရားထံတော်သို့ရွှင်လန်းစွာအော်ဟစ်ကြလော့။တူရိယာတီးမှုတ်၍ဝမ်းမြောက်ဖွယ်သီချင်းကိုတခဲနက်သီဆိုကြ လော့။

၅–၆။ ကိုတခဲနက်သီဆိုကြလော့။စောင်းတီး၍ထာဝရဘုရား အားတီးမှုတ်သီဆိုကြလော့။ စောင်းတီး၍သီဆိုဧကျူး ကြလော့။ငါတို့၏ဘုရင်ထာဝရဘုရားရှေ့တော်မှောက်တွင်တံပိုးခရာနှင့်သိုးချိုတို့ကိုမှုတ်၍ရွှင်လန်းစွာအော်ဟစ်ကြလော့။

## 2nd READING: *Hebrews 1:1-6*

ဟီဘရူးသြဝါဒစာ ၁း ၁–၆

လွန်ခဲ့ပြီးသောရှေးခေတ်ကာလ၌၊ ဘုရားသခင်သည်ငါတို့ ဘိုးဘေးတို့အားပရောဖက်များအားဖြင့်ကြိမ်ဖန်များစွာနည်း အမျိုးမျိုးဖြင့်ဗျာဒိတ်ပေးတော်မူခဲ့၏။ သို့ရာတွင်ဤနောက်ဆုံးသောငါတို့ခေတ်ကာလ၌ဘုရားသခင်သည်သားတော်အား ဖြင့်ငါတို့အားဗျာဒိတ်ပေးတော်မူ၏။ ကိုယ်တော်သည်ထိုသားတော်ကိုအရာခပ်သိမ်းတို့၏အမွေခံအဖြစ်ခန့်ထားတော်မူ၍ သားတော်အားဖြင့်စကြဝဠာတစ်ခုလုံးကိုဖန်ဆင်းတော်မူ၏။ထိုသားတော်သည်ဘုရားသခင်၏ဘုန်းတန်ခိုးရောင်ခြည်တော် နှင့်ထွန်းတောက်ကာ၊ဘုရားဇာတိအဖြစ်တော်၏ပကတိပုံသဏ္ဍာန်ဖြစ်တော်မူ၏။ မိမိ၏စွမ်းအားတန်ခိုးတော်၏အမိန့် တော်အားဖြင့်စကြာဝဠာကိုတည်ရှိစေတော်မူ၏။ကိုယ်တော်သည်လူသားတို့၏အပြစ်များအတွက်သန့်ရှင်းစင်ကြယ်ခြင်းကို ပြုတော်မူပြီးနောက်ကောင်းကင်ဘုံတွင်၊ အနန္တတန်ခိုးတော်ရှင်ဘုရားသခင်၏လက်ယာတော်ဖက်၌စံပယ်တော်မူ၏။ သားတော်သည်ကောင်းကင်တမန်တော်တို့ရရှိသောဘွဲ့နာမထက်ထူးမြတ်သောဘွဲ့နာမတော်ကိုခံရသဖြင့်ကောင်းကင် တမန်တော်တို့ထက်ကြီးမြတ်သောသူဖြစ်တော်မူ၏ဘုရားသခင်သည်မည်သည့်ကောင်းကင်တမန်တော်အား၊ သင်သည် ငါ့သားဖြစ်၏။ ယနေ့ပင်သင့်ကိုငါဖြစ်ပေါ်စေပြီဟူ၍လည်းကောင်း၊ မည်သည့်ကောင်းကင်တမန်တော်အားငါသည် သူ၏အဖဖြစ်၏။ သူသည်လည်းငါ၏သားဖြစ်ရလိမ့်မည်ဟူ၍မိန့်တော်မူခဲ့ဖူးသနည်း။ တဖန်ဘုရားသခင်သည်၊ မိမိ၏ သားဦးကို၊ ဤလောကသို့စေလွှတ်တော်မူသောအခါ၊ကောင်းကင်တမန်တော်အပေါင်းတို့သည်၊ ထိုသူ့ကိုရှိခိုးဝတ်ပြုကြရ စေဟုမိန့်တော်မူ၏။

## **GOSPEL:** *John 1: 1-18*

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁း ၁–၁၈

အစကနဦး၌နှုတ်ကပတ်တော်သည်တည်ရှိတော်မူ၏ နှုတ်ကပတ်တော်သည်ဘုရားသခင်နှင့်အတူရှိတော်မူ၏။ နှုတ်ကပတ်တော်သည်ကားဘုရားသခင်ဖြစ်တော် မူ၏။ ကိုယ်တော်သည်အစကနဦးကပင်ဘုရားသခင်နှင့်အတူ ရှိတော်မူ၏။ ကိုယ်တော်အားဖြင့်အရာခပ်သိမ်းတို့သည်ဖြစ်ပေါ်လာကြ၏ ။ကိုယ်တော်နှင့်ကင်း၍ဖြစ်လာသောအရာတစ်စုံတစ်ခုမျှမရှိခဲ့ချေ။ ထာဝရအသက်သည်ကိုယ်တော်၌တည်ရှိ၍လူတို့၏ အလင်းဖြစ်၏။ အလင်းသည်မှောင်မိုက်တွင်ထွန်းတောက်၏။ မှောင်မိုက်သည်ကားအလင်းကိုမလွှမ်းမိုးနိုင်ချေ။ ယောဟန်အမည်ရှိသောလူတစ်ဦးကိုဘုရားသခင်စေလွှတ်တော်မူ၏။ ဤသူအားဖြင့်လူသားအားလုံးယုံကြည်လာကြစေရန်အလင်းတော်၏ အကြောင်းကိုသက်သေခံခြင်းငှါသူကြွလာခဲ့၏။ သူသည်အလင်းတော်မဟုတ်၊ အလင်းတော်အကြောင်းကိုသက်သေခံရန်ကြွလာသောသူသာဖြစ်၏။ စစ်မှန်သောအလင်းတော်သည်ကားလူအပေါင်းတို့ကိုထွန်းလင်းစေရန်ကမ္ဘာလောကထဲသို့ကြွလာမည်ဖြစ်၏ ။ကိုယ်တော်သည်ကမ္ဘာလောကတွင်ရှိတော်မူပြီးဖြစ်၍ကမ္ဘာလောကသည်ကိုယ်တော်အားဖြင့်ဖြစ်ပေါ်လာ၏။ ကမ္ဘာလောကမူကားကိုယ်တော်ကိုမသိချေ။ ကိုယ်တော်သည်မိမိလူမျိုးတို့၏ အရပ်သို့ကြွလာတော်မူသော်လည်းမိမိလူမျိုးတို့သည်ကိုယ်တော်ကိုလက်မခံကြ။ ကိုယ်တော်ကိုလက်ခံကြ၍နာမတော်၌ယုံကြည်ကြသောသူတို့အားဘုရားသခင်၏ သားသမီးဖြစ်ရသောအခွင့်ကိုပေးတော်မူ၏ ။ထိုသူတို့သည်အသွေးအသားမှမဟုတ်၊လူ၏ အလိုအားဖြင့်လည်းမဟုတ်ဘဲဘုရားသခင်မှမွေးဖွားကြ၏။ နှုတ်ကပတ်တော်သည်လူ့ဇာတိအဖြစ်ကိုယူတော်မူ၍ကျေးဇူးတော်နှင့်လည်းကောင်းသမ္မာတရားတော်ဖြင့်လည်းကောင်းပြည့်စုံလျက်ငါတို့အလယ်တွင်စံပွါယ်တော်မူ၏။ ကိုယ်တော်၏ ဘုန်းတော်ကိုလည်းခမည်းတော်၏ တစ်ပါးတည်းသောသားတော်၏ ဘုန်းတော်ကဲ့သို့ငါတို့ဖူးမြင်ကြရပြီ။ ယောဟန်သည်ကိုယ်တော်၏ အကြောင်းကိုသက်သေခံ၍ကြွေးကြော်သည်ကား ငါ့နောက်မှကြွလာမည့်သူသည်ငါမရှိမီရှိနှင့်သည်ဖြစ်၍ငါ့ထက်ကြီးမြတ်သည်ဟုငါဆိုခဲ့သောသူသည်ဤသူပင်ဖြစ်သတည်း။ ဤသူ၏ပြည့်စုံခြင်းမှငါတို့သည်ကျေးဇူးတော်တစ်ပါးအပေါ်တစ်ပါးထပ်ဆင့်ခံရကြပြီ။ အကြောင်းမူကားမိုးဇက်အားဖြင့်ပညတ်တရားကျမ်းသည်ပေးထားလျက်ရှိ၏ ။ကျေးဇူးတော်နှင့်သမ္မာတရားတော်သည်ကားယေရှုခရစ်တော်အားဖြင့်လာသတည်း။ ဘုရားသခင်ကိုမည်သူမျှမမြင်ဖူးသော်လည်းခမည်းတော်၏ ရင်ခွင်တော်၌ရှိတော်မူသောတစ်ပါးတည်းသောသားတော်သည်ကိုယ်တော်ကိုထင်ရှားစေတော်မူ၏ ။